WORLD KACHIN CONGRESS

WKC

contact@wkckachin.org

ရက်စွဲ။ ။ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၉ ရက်။

# ကချင်တစ်ကျော့ပြန်စစ် ရှစ်နှစ်ပြည့်နှစ်ပတ်လည်နေ့အတွက် နိုင်ငံတကာကချင်ကွန်ဂရက်၏ ထုတ်ပြန်ကြေငြာချက်။

လွန်ခဲ့သည့်ရှစ်နှစ် ဤနေ့ရက်၌ မြန်မာ့တပ်မတော်သည် ၁၉၉၄ ခုနှစ်တွင် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် ချုပ်ဆိုခဲ့သည့် ၁၇နှစ်ကြာ နှစ်ဖက်အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် ကိုချိုးဖောက်၍ တစ်ဖက်သတ် ထိုးစစ်ဆင် တိုက်ခိုက်ခဲ့သည်။ ထိုကဲ့သို့ ပြင်းထန်စွာထိုးစစ်ဆင်တိုက်ခိုက်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံမြောက်ပိုင်း ဒေသအတွင်း တစ်ကျော့ ပြန်စစ်ပွဲများ ပျံ့နှံ့သွားခဲ့ပြီး လူဦးရေပေါင်း ၁၂၀၀၀၀ ကျော်မှာ အိုးအိမ်စွန့်ခွာ စစ်ပြေး ဒုက္ခသည်ဖြစ်ခဲ့ရသည်။ ထို့အပြင် ကျေးရွာပေါင်း ၃၆၀ ကျော်ခန့်သည် လူသံဆိတ်သုဉ်း၍ ခြောက်ကပ်သွားခဲ့သည်။

မြန်မာနိုင်ငံမြောက်ပိုင်းဒေသ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းအတွင်း မြန်မာစစ်တပ်၏ ရန်လိုတိုက်ခိုက်နေမှု နှင့် နယ်မြေသိမ်းပိုက်နေမှုများသည် ယနေ့အချိန်ထိ စစ်ပြေးဒုက္ခသည်များ မိမိနေရပ်ဒေသသို့ ဘေးကင်းလုံခြုံစွာ ပြန်နိုင်မည့်အခြေအနေမရှိအောင် လုပ်ဆောင်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၌ တစ်ဖက်သတ် အပစ် အခတ်ရပ်စဲလိုက်သည့် မြန်မာ့တပ်မတော်၏ ကြေညာချက်သည် ငြိမ်းချမ်းရေးကို လိုလားအားပေးသယောင် ဟန်ဆောင်ခြင်းမျှသာဖြစ်ကြောင်း ၎င်းတို့၏စစ်အင်အားအလုံးအရင်းနှင့် ပစ်အားမှန်သမျှကို ရခိုင်ပြည်နယ်အတွင်း မီးကုန် ယမ်းကုန်ဖော်ဆောင်လျက်ရှိသည့် အခြားစစ်ဆင်ရေးအတွက် လက်နက်အင်အားအလုံးအရင်းဖြင့် နေရာချထားနိုင်ရန် ကြိုးပမ်းမှုက သက်သေပြလျက်ရှိသည်။ ထို့အပြင် ကချင်ပြည်နယ်အတွင်း နေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားမျိုးနွယ် စုများအကြား အပြန်အလှန်ရန်လိုမှုများ အကြမ်းဖက်မှုများ ဖြစ်ပွားလာသည်အထိ သွေးထိုးလှုံ့ဆော်မှုများပြုလုပ်စေရန် ၎င်းတို့၏လက်ဝယ်ခံ နိုင်ငံရေးပါ တီများနှင့် ပြည်သူ့စစ်အဖွဲ့များကို လက်နက်များ တပ်ဆင်ပေးလျက်ရှိသည်။

လွန်ခဲ့သည့်ဧပြီလအတွင်း ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ပေါ်၌ KIA နှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရန် ညှိနှိုင်း သဘောတူထားသည့်နေ့မတိုင်မီရှေ့ရက်များတွင် မူဆယ်အရှေ့ပိုင်းနယ်မြေများ၌ အခြေစိုက်ထားသည့် KIA တပ်စခန်း အများအပြားကို မြန်မာ့တပ်မတော်၏ တပ်မ(၉၉)မှ ထိုးစစ်ဆင်တိုက်ခိုက်သိမ်းယူခဲ့သည်။ ဤစစ်ဆင်ရေးသည် မြန်မာ့တပ်မတော်၏ တဖက်သတ်အနိုင်ရရှိရေးအတွက်ဖန်တီးထားသည့် NCA ကို သဘောတူလက်မှတ်ထိုးရန် KIA အားဖိအားပေးသည့်အပြင် အဆိုပြုထားသည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြန်အတွက် နယ်မြေရှင်းလင်းရေးဆောင် ရွက်ခြင်းဖြစ်ကြောင်း သိသာထင်ရှားနေသည်။ ကမ္ဘာ့သက်တမ်းအရှည်ကြာဆုံး လက်နက်ကိုင်ပဋိပက္ခအတွက် ငြိမ်းချမ်း သည့်နည်းလမ်းဖြင့်အဖြေရှာရန် မြန်မာ့တပ်မတော်၌ လုံးဝရည်ရွယ်ချက်မရှိကြောင်း သိသာထင်ရှားသည့်သက်သေ အထောက်အထားများပင်ဖြစ်သည်။တိုင်းရင်းသားမျိုးနွယ်စုများကိုမိမိတို့လက်အောက်ခံအဖြစ်သွတ်သွင်းထားရှိခြင်း၊လယ် ယာမြေများကိုသိမ်းပိုက်ခြင်းအပြင် ဆိုးရွားပြင်းထန် သည့် လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးမှုများ မည်မျှပင်ရှိစေကာမူ မိမိတို့ကိုယ်ကျိုးစီးပွား ရေးအမြတ်ထုတ်ယူလိုမှုတခုတည်းအတွက် ကြွယ်ဝသည့် သဘာဝသယံဇာတ အရင်းမြစ်များကို ခြိမ်းခြောက်ထုတ် ယူရန် စစ်တပ်ကိုပင်ဆက်လက်အသုံးပြုလျက်ရှိသည်။ ကချင်ပြည်နယ်ဖားကန့်ဒေသ၌ ဆက်လက်ဖြစ်ပွားနေသည့်ကပ်ဆိုးများက သက်သေသာဓကအဖြစ် ထင်ရှားလှသည်။

လူသားဆန်မှုအတွက် ဥပဒေများ၊ ပဋိညာဉ်သဘောတူညီချက်များနှင့် တရားရုံးစီရင်ဆုံးဖြတ်မှုစနစ်များဖြင့် ရက်စက်ကြမ်းကြုတ်မှုများကို တားဆီးကာကွယ်ရန်လုပ်ဆောင်မည့်အစား တရားသည်ဖြစ်စေ မတရားသည်ဖြစ်စေ မိမိနိုင်ငံနှင့်လူမျိုးတို့၏ အကျိုးစီးပွားသည်သာလျှင်ပဓာနဟူသည့် နာဇီတို့၏အပြီးသတ်စီရင်ချက်၊ ပိုပေါ့၏ လူသတ်ကွင်းများနှင့်ဂျပန်ဧကရာဇ်၏ နန်ကင်းအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများကဲ့သို့ တထပ်တည်းဖြစ်နေသည့် ဆိုးဝါးသည့်အခြေအနေကိုထပ်ပြီးမျက်မြင်ကိုယ်တွေ့ဖြစ်နေရသည်။

ကမ္ဘာ့ကုလသမဂ္ဂအချက်အလက်ရှာဖွေစုဆောင်းရေးမစ်ရှင်၏ သက်သေအထောက်အထားများအရ မြန်မာ့တပ်မတော်အနေဖြင့် စစ်ရာဇဝတ်မှုနှင့် လူသားဖြစ်တည်မှုကိုဆန့်ကျင်သည့်ရာဇဝတ်မှုကို ကျူးလွန်နေသည့်အပြင် လူမျိုးတုံးသတ်ဖြတ်မှုကိုကျူးလွန်နေကြောင်း ထင်ရှားပေါ်လွင်နေလင့်ကစား ၂၁ရာစု၏ ပထမဆုံးသောလူမျိုးသုံးသတ်ဖြတ်မှုအတွက် တာဝန်ရှိသူများအား မည်ကဲ့သို့အရေးယူခြင်းက ပို၍လျော်ကန်သင့်လျော်မည်ဟူသည့်ကိစ္စရပ်ကို နိုင်ငံတကာအသိုင်းအဝိုင်း၌ ဆွေးနွေးငြင်းခုန်၍ ကောင်းနေဆဲပင်ဖြစ်သည်။

သို့ပါသောကြောင့် ကျွန်ုပ်တို့အနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းသို့ အောက်ပါအတိုင်း အရေးပေါ်တောင်းဆို လိုက်ပါသည်။

၁။ မြန်မာ့တပ်မတော်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုကို ရပ်တန့်စေရန် စီးပွားရေးပိတ်ဆို့အရေးယူသည့်အပြင် လက်နက်ကုန်သွယ်မှုကို လုံးဝပိတ်ပင်ရပ်တန့်ရန်။

၂။ မြန်မာနိုင်ငံအတွင်း ခိုင်မာသည့်ငြိမ်းချမ်းရေးရရှိစေရေးကိုရှေးရှုသည့် အပြန်အလှန်ယုံကြည် မှုအားကောင်းလျက်ပြီးပြည့်စုံသည့်နိုင်ငံရေးဆွေးနွေးပွဲ တရပ်ဖြစ်ပေါ်လာစေရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် တိုင်းရင်းသားဒေသများမှ မြန်မာ့စစ်တပ်၏ တပ်စခန်းများကို ရုပ်သိမ်းဖယ်ရှားစေရန် ခိုင်မာသည့်ဆုံးဖြတ်ချက် ချမှတ်လုပ်ဆောင်ရန်။

၃။ ခိုင်မာသည့်ငြိမ်းချမ်းရေးတည်ဆောက်နိုင်မှုမရှိမခြင်း မြန်မာပြည်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် သဘာဝသယံဇာတတူးဖော်ခြင်းများ လုံးဝရပ်ဆိုင်းရန်။

၄။ စစ်ရာဇဝတ်မှုများကိုကျူးလွန်သူများနှင့် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကိုအမိန့်ပေး ညွှန်ကြားသူများအား တရားမျှတမှုအတွက် တရားစီရင်နိုင်ရန် မြန်မာနိုင်ငံအား နိုင်ငံတကာရာဇဝတ်ခုံရုံးသို့လွှဲပြောင်းပေးရန် သို့မဟုတ် ကြားဖြတ်နိုင်ငံတကာရာဇဝတ်ခုံရုံးတစ်ရပ် ဖွဲ့စည်းကာကြားနာစစ်ဆေးရန်။

၅။ နေရင်းရပ်ရွာဒေသများသို့ မိမိတို့ သဘောဆန္ဒအလျောက်၊ ဘေးကင်းလုံခြုံစွာဖြင့် ဂုဏ်သိက္ခာရှိရှိဖြင့် နေရပ်ပြန်နိုင်ခြင်းမရှိသေးသည့်ကာလတလျောက်ကချင်ပြည်နယ်နှင့် အခြားတိုင်းရင်းသားနယ်မြေဒေသများရှိ စစ်ပြေးဒုက္ခသည်များအား လုံလောက်သည့် လူသားချင်းစာနာထောက်ထားရေး အကူအညီများကို နယ်စပ်ဖြတ်ကျော်လမ်းကြောင်းများမှတစ်ဆင့်ထောက်ပံ့ရန်။

ဆက်သွယ်ရန်

ဦးအင်ဆန်ဂွမ်ဆန် (အမေရိကန်) +၁ ၄၄၃ ၄၁၅ ၈၆၈၃
ဒေါ်မရစ်ဆိုင်းဘူ (ဂျပန်) +၈၁ ၉ ၀၄ ၀၇၆ ၆၅၇၉
ဦးဇော်ရိန် ဖုန်ဂန် (နယူးဇီလန်) + ၆၄ ၀၂၁ ၁၈၃ ၁၁၃၄